ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁၃ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
( ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## သတ်မှတ်သွင်းကုန်လိုင်စင်ကြေးနှုန်းထားဖြင့် ကောက်ခံရန်ကာလ တိုးမြှင့်ခြင်း

၁။ COVID – 19 ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်သူများ၏ စိတ်ခတ်ရေးရာ မြှင့်တင်ပေးသည့်အနေဖြင့် နိုင်ငံတော်မှ အခွန်အခများကို ဖြေလျှော့ပေးလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သွင်းကုန်လိုင်စင်ကြေးများကို လိုင်စင် (၁) စောင်လျှင် ကျပ် ၃၀၀၀၀ (ကျပ် သုံးသောင်း) နှုန်းဖြင့် ပြောင်းလဲကောက်ခံခြင်းအား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ် ၂၃/ ၂၀၂၀ ဖြင့် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ်၊ ၆၄/ ၂၀၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၃၁ ရက်နေ့အထိအား အမိန့်ကြောငြာစာအမှတ်၊ ၈၅/၂၀၂၀ ဖြင့်လည်းကောင်း ထပ်မံထုတ်ပြန်၍ ကာလတိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ အဆိုပါ သွင်းကုန်လိုင်စင် (၁) စောင်လျှင် ကျပ် ၃၀၀၀၀ (ကျပ် သုံးသောင်း) နှုန်းဖြင့် ကောက်ခံခြင်းအား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထပ်မံကာလတိုးမြှင့်သတ်မှတ်လိုက်သည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက – ၁၁ / ၂ – ၃၇ / ၂၀၂၀ ( ၃၉ )
ရက် စွဲ ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး